# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 29, 2019 Volume 22, Number 20


| ၂၉.၈.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၂၁.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၄.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၈၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၇၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## တရုတ်သို့ ဆန်တန်ချိန်တစ်သိန်းတင်ပို့ရန်သဘောတူ တန်ချိန်ငါးသောင်း စက်တင်ဘာလတွင် တင်ပို့မည်



တရုတ်နိုင်ငံသို့တင်ပို့ရန်သဘောတူထားသည့် ဆန်တန်ချိန် တစ်သိန်းအနက် တန်ချိန် ငါးသောင်းကို စက်တင်ဘာလတွင် တင်ပို့မည် ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ ရန်ကုန်ဆိပ်ကမ်းကနေ တရုတ်နိုင်ငံ COFCO ကို တန်တစ်သိန်းတင်ဖို့ MRF နဲ့ COFCO နဲ့ MoU ထိုးထားပါတယ်။ ကုမ္ပဏီ ၁၁ ခုက တင်လို့ရပါတယ်။ လောလောဆယ်တော့ တန်ငါးသောင်းလောက် စာချုပ်ထားပြီး တင်ပို့ဖို့လုပ်နေပါတယ်။ တန်ငါးသောင်းက အခုသင်္ဘောတင်နေကြပါပြီ။ စက်တင်ဘာ လထဲမှာ တင်ပို့မှုပြီးနိုင်ပါတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဩဂုတ် ၂၇ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။

အဆိုပါမြန်မာ့ဆန်တန်ချိန်တစ်သိန်း ဝယ်ယူရာတွင် တရုတ်နိုင်ငံအစိုးရပိုင်အဖွဲ့ ဖြစ်သည့် COFCO နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်MRF တို့ ဆန်တန်ချိန်တစ်သိန်း အတွက် နားလည်မှုစာချွန်လွှာကို ဇွန် ၂၀ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ လက်မှတ်ထိုးခဲ့ကြပြီး ယင်းမှာ အရောင်းအဝယ်စာချုပ်မဟုတ်ဘဲ MRF အနေဖြင့် COFCO အား မြန်မာ့ဆန်စပါးဈေးကွက် သတင်းအချက်အလက်ပေးရန်နှင့် မြန်မာ့ဆန် ဝယ်ယူသည့်ကိစ္စအပေါ် ကူညီပေးရန်သာဖြစ်ကြောင်းသိရသည်။

အရင်ပထမအကြိမ် အသင်းချုပ်နဲ့ COFCO တို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှာ တန်တစ်သိန်းအတွက် MoU ရေးထိုးခဲ့ပါတယ်။ အခုတန်တစ်သိန်းအတွက် ဒုတိယ အကြိမ် ထပ်မံရေးထိုးခြင်းဖြစ်ပါတယ်။ ပထမအကြိမ်တန်တစ်သိန်းအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာလ သမ္မတကြီးဦးသိန်းစိန်နဲ့တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံမှုက ရရှိခဲ့တဲ့ Quota ဖြစ်ပါတယ်။ အခုဒုတိယအကြိမ်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နဲ့တရုတ်သမ္မတတို့ ၂၀၁၉ ခုနှစ် ဧပြီလတွေ့ဆုံမှုမှရရှိတဲ့ ဒုတိယအကြိမ် Quota တန်တစ်သိန်းဖြစ်ပါတယ်။ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ မှာ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံမှ ခွဲတမ်းရရှိခြင်းမရှိခဲ့ပါဟု ဦးရဲမင်းအောင်က လွန်ခဲ့သောဇွန် ၁၉ ရက်က ၎င်း၏ လူမှုကွန်ရက်၌ဖော်ပြခဲ့သည်။

COFCO အနေဖြင့် အရောင်းအဝယ်အတွက် တရုတ်ဘက်မှ ရွေးချယ်လက်ခံထားသည့်ကုမ္ပဏီ ၁၁ ခုနှင့် တိုက်ရိုက်ညှိနှိုင်းပြီး အရောင်းအဝယ်လုပ်မည်ဖြစ်ကြောင်း၊ လောလောဆယ်ကုမ္ပဏီ ၁၁ ခုနှင့်သာ တင်ပို့ရောင်းချနိုင်မည်ဖြစ်သော်လည်း MITS မှ စိစစ်ရွေးချယ်နေသော ကုမ္ပဏီများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံဘက်မှ လက်ခံသည်နှင့်ဆက်လက်တင်ပို့ခွင့်ရရှိမည် ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127592.html

## စင်ကာပူနိုင်ငံတွင် “ကုန်အမှတ်တံဆိပ်” မှတ်ပုံတင်ရန် လက်ကိုင်ဖုန်း အပလီကေးရှင်းကို အသုံးပြု၍ တိုက်ရိုက်လျှောက်ထားနိုင်

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လိုသည့်လုပ်ငန်းများသည် “Ipos Go’’ ဟုအမည်ပေးထားသော လက်ကိုင်ဖုန်း အပလီကေးရှင်းအသစ်ကိုအသုံးပြု၍ စင်ကာပူမူပိုင်ခွင့်ရုံ (Intellectual Property Office of Singapore – Ipos) သို့ တိုက်ရိုက် လျှောက်ထားနိုင်ပြီဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ လက်ကိုင်ဖုန်းအပလီကေးရှင်းသည် မှတ်ပုံတင်လျှောက်ထားမှု လုပ်ငန်းစဉ်ကို မြန်ဆန်စေမည်ဖြစ်ကြောင်း၊ ယခင်က မှတ်ပုံတင်လျှောက်ထားရာတွင် ပျမ်းမျှကြာချိန် (၁)နာရီမှ (၄၅) မိနစ်အတွင်းရှိရာမှ ယခု အပလီကေးရှင်းကိုအသုံးပြု၍ လျှောက်ထားလျှင်(၁၀) မိနစ်ထက်နည်းသော လျှောက်ထားချိန်သာ လိုအပ်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအနေဖြင့် ယခင်ဝန်ဆောင်မှုပေးနေသည့် စင်ကာပူမူပိုင်ခွင့်ရုံး၏ e-service ဝက်ဆိုက်ဒ်နှင့် အခြားဝန်ဆောင်မှုအေဂျင်စီများမှတစ်ဆင့်လည်း ဆက်လက်လျှောက်ထားနိုင်ပါကြောင်း၊ စင်ကာပူတွင် လွန်ခဲ့သည့် (၅)နှစ်တာကာလအတွင်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်လျှောက်ထားမှုသည် (၃၀) ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ ကြောင်း၊ ကုန်အမှတ်တံဆိပ်များပြားသည့် စင်ကာပူဈေးကွက်အတွင်း မိမိ၏ကုန်အမှတ်တံဆိပ် နာမည်ရရှိရေး ကြိုးပမ်းနေ ကြသည့်လုပ်ငန်းများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ “ Ipos Go’’ အပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းတိုးရန်နှင့် မှတ်ပုံတင်လျှောက်ထားမှုသည် မည်သည့်အဆင့်တွင်ရောက်ရှိနေပြီဖြစ်ကြောင်းတို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း စင်ကာပူမူပိုင်ခွင့်ရုံးက ဩဂုတ်လ(၂၁)ရက်နေ့တွင် ပြောကြားပါသည်။ ကုန်အမှတ်တံဆိပ်တစ်ခု မှတ်ပုံတင်လျှောက်ထားမှုအတွက် စင်ကာပူဒေါ်လာ ၂၄၀ ပေးသွင်းရန်လိုအပ်ပြီး၊ မှတ်ပုံတင်သက်တမ်းသည် (၁၀)နှစ် ဖြစ်ပါသည်။ “Ipos Go” အပလီကေးရှင်းသည် မှတ်ဉာဏ်တု (Artificial Intelligence–AI)ကို အသုံးပြုနိုင်သည့်အတွက် မိမိတို့၏ ကုန်အမှတ်တံဆိပ်နှင့်ဆင်တူသည့် မှတ်ပုံတင်ထားပြီးသော အခြားကုန်အမှတ်တံဆိပ်များကို ရှာဖွေနိုင်ကြောင်းနှင့် လွန်စွာဆင်တူမှုရှိသည့် ကုန်အမှတ်တံဆိပ်လျှောက်ထားမှုများကို အပလီကေးရှင်းကလက်ခံသွားမည်မဟုတ်ကြောင်း သိရပါ သည်။ ယခုအခါနိုင်ငံတကာတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားမှုများ၏ (၄၀) ရာခိုင်နှုန်းကျော်သည် ပုံများ ထည့်သွင်းအသုံးပြုလာကြသည့်အတွက် “ Ipos Go” အပလီကေးရှင်း၏စနစ်သည် လွန်စွာအသုံးဝင်ကြောင်း ဖော်ပြထား ပါသည်။

**Source: The Straits Times**

**စီးပွားရေးသံမှူး-စင်ကာပူ**

## ထိုင်း အစိုးရအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ပွဲများမြှင့်တင်ခြင်း

ထိုင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အလားအလာရှိသော ကုန်ပစ္စည်းများဖြစ်သည့် အလှကုန် ပစ္စည်း၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာပစ္စည်းများနှင့် သက်ဆိုင်သော စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲများနှင့် ကုန်စည်ပြပွဲများကို ပြည်ပသဘော်ာ တင်ပို့မှုမြှင့်တင်နိုင်ရေးအတွက် ကျိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Banjongjitt Angsusingh က အကယ်၍အစိုးရအနေဖြင့် အလားအလာရှိသော ဈေးကွက်များဖြစ်သည့် အိန္ဒိယနှင့် တရုတ်ဈေးကွက်များအတွက် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လမ်းဖွင့်ပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လွယ်ကူစေခြင်းများပြုလုပ်ပေးပါက ထိုင်းပြည်ပသဘော်ာတင်ပို့မှုမှာ တိုးတက်လာ နိုင်ကြောင်းပြောကြားခဲ့ပါသည်။ တတိယနှင့်စတုတ္ထလေးလပတ်တွင် တရုတ်သို့တင်ပို့သည့် စက်မှုထုတ်ကုန်များ ကျဆင်းနိုင်သော်လည်း လယ်ယာထွက်ကုန်၊ အစားအစာ၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့်ရာဘာထုတ်ကုန်များ အနေဖြင့် အလားအလာကောင်းနိုင်ကြောင်း သူမကပြောကြားခဲ့ပါသည်။ ဦးစီးဌာနအနေဖြင့် ပို့ကုန်အားပေးမြှင့်တင်ရန် ရေတို ရေရှည်နှင့် အလယ်အလတ်အစီအမံများကို ဆောင်ရွက်လျှက်ရှိကြောင်းပြောကြားခဲ့ပါသည်။ ထို့အပြင် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများနှင့်ကုန်စည်ပြပွဲများအတွက်မူ ဦးစီးဌာနအနေဖြင့် အချို့သောနှစ်စဉ် တစ်နှစ်နှစ်ကြိမ်ကျင်းပသော ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာပွဲများကို လျှော့ချလိမ့်မည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် Style Bangkok နှင့် Bangkok Gems and Jewelry Fair အပါအဝင် တနှစ်လျှင် ကုန်သွယ်မှုမြှင့်တင်ရေးပွဲပေါင်း(၁၀)ပွဲခန့် ဦးစီးကျင်းပဆောင်ရွက်ကြောင်း သိရှိရပါသည်။ Mrs. Banjangjitt က ယခင်နှစ်အတွက် ပို့ကုန်ကျဆင်းမည့်အလားအလာရှိသော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသဘော်ာတင်ပို့မှုတိုးတက်မှုအား ၂၀၁၉ ခုနှစ်အတွက် (၃%)နှင့် ၂၀၂၀ ခုနှစ်အတွက်(၃.၅%) ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။ အမျိုးသားစီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ၊ အစိုးရ စီမံကိန်းဌာနမှ ယခုနှစ်အတွက် ပို့ကုန်အားမူလ (၂.၂%) မှ (၁.၂%)ကျဆင်းမည်ဟု လျှော့ချခန့်မှန်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွက် တိုးတက်မှု (Growth) အား (၃.၃%–၃.၈%)မှ (၂.၇%–၃.၂%)သို့ ကျဆင်းနိုင်ကြောင်းခန့်မှန်းခဲ့ပါသည်။ ဆက်စပ်ဌာနဖြစ်သော ပြည်ပကုန်သွယ်မှုဦးစီးဌာနကလည်း ယမန်နေ့က FTA အသုံးပြုမှုနှင့် GSP အခွင့်အရေးအသုံးပြု၍

ထိုင်းပြည်ပပို့ကုန်တင်ပို့မှုမှာ ၂၀၁၉ ခုနှစ် ပထမ(၆)လအတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ (၁၆.၄)ဘီလီယံရှိခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်က (၁.၄%)ကျဆင်းခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ FTA အသုံးပြုမှုမှာ အမေရိကန်ဒေါ်လာ(၃၃.၈)ဘီလီယံရှိခဲ့ပြီး၊ နှစ်အလိုက်တွင် (၂.၇%)ကျဆင်း ခဲ့ကြောင်း၊ GSP အသုံးပြုတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ (၂.၆)ဘီလီယံရှိပြီး (၁၉.၃%)တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က GSP အသုံးပြု တင်ပို့မှုမှာ ပို့ကုန်တင်ပို့မှုကျဆင်းခြင်း၊ ငွေလဲနှုန်း မတည်ငြိမ်ခြင်းနှင့် နိုင်ငံများစွာတို့တွင် ငွေကြေးမူဝါဒဆိုင်ရာ ဖြေလျှော့ပေးမှုများကြောင့် ကျဆင်းခဲ့ရကြောင်း၊ အာဆီယံ FTA အသုံးပြုမှုအနေဖြင့် အမြင့်ဆုံးပမာဏရှိကြောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၂.၄)ဘီလီယံရှိကြောင်း၊ ထိုင်း-တရုတ် FTA အသုံးပြုမှုမှာ အမေရိကန်ဒေါ်လာ(၉.၂၂)ဘီလီယံရှိကြောင်း၊ ထိုင်း-ဩစတြေးလျ အထူးအခွင့်အရေး အသုံးပြုတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၄.၀၇)ဘီလီယံရှိကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## တရုတ်က သီးသန့် စက်မှုဇုန်တစ်ခုထူထောင်ရန် မြန်မာလုပ်ငန်းရှင်များကိုကမ်းလှမ်း

ဂျပန်၊ ကိုရီးယားနိုင်ငံကဲ့သို့ တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင် စက်မှုဇုန်တစ်ခုသီးသန့်ထူထောင်လိုသည်ဟု ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောသည်။ မြန်မာ-တရုတ် ပူးပေါင်းထားသော စက်မှုဇုန်တစ်ခုထူထောင်ရန် တရုတ်စီးပွားရေးအဖွဲ့အချို့က အသင်းချုပ်ထံလာရောက်ဆွေးနွေးကြောင်း ၎င်းကရှင်းပြသည်။ ထုတ်ကုန်လုပ်ငန်းကဏ္ဍတွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ ထိုးဖောက်ဝင်ရောက်နေချိန် သီးသန့်စက်မှုဇုန်ထူထောင်ရန် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက စီစဉ်ခြင်းဖြစ်သည်။ လက်ရှိ လှိုင်သာယာစက်မှုဇုန်၌ တရုတ်စီးပွားရေးလုပ်ငန်းရှင်များက စက်ရုံများငှားရမ်းပြီး ထုတ်ကုန်လုပ်ငန်းများလုပ်ဆောင်နေသည်။ သူများနိုင်ငံတွေလုပ်နေသလို သူတို့ကလည်း သီးသန့်စက်မှုဇုန်ထောင်ချင်တယ်လို့ပြောပါတယ်ဟု ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌကဆိုသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းအဖြစ် တရုတ်စီးပွားရေး လုပ်ငန်းရှင်များက စက်မှုဇုန်လာရောက်ထူထောင်ပြီး ရင်းနှီးမြှုပ်နှံပါက ဖိတ်ခေါ်သင့်ကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုသာ အဓိကလိုလားနေပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး အမေရိကန်၊ ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက စီစဉ်နေသည်။ လက်ရှိတွင် ကိုရီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံတို့ပူးပေါင်းပြီး ညောင်နှစ်ပင်ဒေသရှိ မြေဧက ၅၇၀ ကျော်တွင် စက်မှုဇုန်ထူထောင်ရန်စီစဉ်နေသည်။ ကုမ္ပဏီ ၂၀၀ ကျော်ဝင်ရောက်လုပ်ကိုင်နိုင်ပြီး လူတစ်သိန်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်နိုင်မည်ဟု တာဝန်ရှိသူများက ပြောကြားထားသည်။

**Source:** https://www.7daydaily.com/story/164870

## ကလေး-တမူးနယ်စပ်တွင် စက်မှုဇုန်တစ်ခု ဖော်ဆောင်ပေးရန် တောင်းဆို

ဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ကလေး-တမူးနယ်စပ်တွင် စက်မှုဇုန်တစ်ခု ဖော်ဆောင်ပေးရန်တောင်းဆိုထားကြောင်း ကလေးတမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်က ပြောသည်။

နယ်စပ်ကုန်သွယ်ရေးဂိတ်များအနက် ကလေး-တမူး နယ်စပ်ကုန်သွယ်ရေးဂိတ်သည် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်ပြီး လက်ရှိတွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေးဖုန်းနှင့် မော်တော်ကားလမ်းများ ကောင်းမွန်လာပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်လာသည့်အတွက် ယခုကဲ့သို့တောင်းဆိုရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/127628.html

## ပြည်တွင်း ရွှေဈေးထပ်မံ စံချိန်တင်မြင့်တက်၊ ဈေးမကစားရန်သတိပေး



ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ဩဂုတ် ၂၈ ရက်တွင် ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၅၆၀၀၀ သို့ ထပ်မံမြင့်တက်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် ရွှေဝယ်စုသူများနေခြင်း၊ ဟောင်ကောင်ကုန်သည်များ၏ ဝယ်လိုအားတက်နေ၍ ကမ္ဘာ့ရွှေဈေးက ယခုရက်ပိုင်း၌ ဆက်တိုက်မြင့်တက်နေသည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကမ္ဘာ့ရွှေတစ်အောင်စလျှင် ဒေါ်လာ ၁၅၂၀ ကျော် မှ ဩဂုတ် ၂၈ ရက်တွင် တစ်အောင်စလျှင် ၁၅၄၁ ဒေါ်လာသို့ မြင့်တက် ခဲ့သည်။ ကမ္ဘာ့ရွှေဈေးက ညဘက်ဆိုရင်အရမ်းတက်ပြီးတော့ မနက်ဆိုရင် ပြန်ပြန်ကျတာမျိုးဖြစ်နေတယ်ဟု ဦးမျိုးမြင့်ကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဩဂုတ် ၂၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၄၀၀၀၀ ခန့်ဖြင့် ဈေးပိတ်သဖြင့် ကျပ် ၁၂၀၀၀ ခန့်ဈေးမြင့်တက်ခြင်းဖြစ်သည်။

ထို့ကြောင့် လက်ထဲတွင် ရွှေရှိမှရောင်းချရန်နှင့် ငွေကိုင်ထားနိုင်မှ ဝယ်ယူရန်ရွှေရောင်းချသူများ၊ ပွဲစားများကိုသတိပေးနေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းနှင့် အသင်းအတွင်းရေးမှူး ဦးဂင်းမြင့်ကပြောသည်။ ဈေးကစားမှုမရှိဘဲ ပြည်တွင်းရွှေဈေးကွက်တည်ငြိမ်ရန်ရည်ရွယ်သည် ဟု ၎င်းကပြောသည်။

ရန်ကုန်အပါအဝင် မြန်မာနိုင်ငံမှ ရွှေဈေးကွက်တစ်ခုလုံး ထိန်းရန်ပုဂ္ဂလိကအသင်းအဖွဲ့ များအနေဖြင့် ဆောင်ရွက်နိုင်မှုမရှိကြောင်း ၎င်းကအတည်ပြုသည်။ ပြည်တွင်းရွှေဈေး မတည်ငြိမ်ဘဲ အတက်၊အကျများနေ၍ နယ်စပ်မှ အိန္ဒိယသို့ တရားမဝင်ရွှေတင်ပို့မှုများ ထိန်းသိမ်းရန်လိုအပ်ကြောင်း ဦးဂင်းမြင့်ကသုံးသပ်သည်။ အိန္ဒိယက ပြည်တွင်းထက်ဈေးပိုများလေ့ရှိ၍ ယခုကဲ့သို့ ပြည်တွင်းရွှေဈေးမြင့်တက်ချိန်တွင် ထိန်းပေးရန်လိုအပ်ကြောင်း ၎င်းဆိုသည်။

**Source:** https://www.7daydaily.com/story/164877

## ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့ရန်တင်ပြထား

မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲမျိုးစုံ၊ သီဟိုဠ်စေ့၊ ပြောင်းနှင့်ပြောင်းဆန်အစရှိသည့် ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် အစိုးရချင်းညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်သင့်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က ဒုတိယသမ္မတထံတင်ပြထားသည်။

လက်ရှိတွင် ထိုင်းနိုင်ငံမှတစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုစနစ်ဖြင့် လာအိုနှင့်ဗီယမ်နမ်နိုင်ငံများသို့ ရောင်းချနေ သော်လည်း မလေးရှားနိုင်ငံသို့ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်ခြင်းစနစ်ဖြင့် ရောင်းချရန်အစိုးရချင်း နားလည်မှုစာချုပ် ပြုလုပ်ထားခြင်းမရှိသဖြင့် ထိုင်းနိုင်ငံကိုသာရောင်းချနေရကြောင်း ၎င်းကပြောသည်။ ဒုတိယသမ္မတဦးဆောင်သည့် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ယင်းကဲ့သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127625.html

## မြန်မာနိုင်ငံမှထွက်ရှိသည့်သီးနှံများကို လာအိုနှင့် ဗီယက်နမ်နိုင်ငံသို့ Transit Trade စနစ်ဖြင့် ရောင်းချနေ

မြန်မာနိုင်ငံမှထွက်ရှိသည့်သီးနှံများကို လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့သို့ Transit Trade စနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၏ ပြောပြချက်အရသိရပါတယ်။ မြဝတီနယ်စပ်ကုန်သွယ်မှုတွင် ထိုင်းနိုင်ငံဘက်မှ သွင်းကုန်ပမာဏပိုများပြီးပြည်တွင်းမှ ပို့ကုန်ပမာဏမှာ နည်းပါးလျက်ရှိသည်။ ပြည်တွင်းမှ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲမျိုးစုံ၊ သီဟိုဠ်ဆန်၊ ပြောင်းနှင့်ပြောင်းဆန်စသည့် ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံမှတစ်ဆင့် Transit Trade စနစ်ဖြင့် မလေးရှားနိုင်ငံသို့ တိုက်ရိုက် တင်ပို့ရောင်းချခွင့်ရရှိရေး သက်ဆိုင်ရာ သို့ တင်ပြထားကြောင်းသိရပါတယ်။ အခုဆိုရင် နိုင်ငံတကာနဲ့ကုန်သွယ်မှုလမ်းကြောင်းတွေ တိုးတက်လာပြီ ဖြစ်တဲ့ အတွက် မြန်မာနိုင်ငံက ထွက်တဲ့သီးနှံတွေကို လာအိုနဲ့ဗီယက်နမ် နိုင်ငံတို့ကို ထိုင်းနိုင်ငံကနေ တစ်ဆင့် Transit Trade စနစ်နဲ့ တိုက်ရိုက်တင်ပို့ရောင်းချနေပါတယ်။ မလေးရှားနိုင်ငံကိုတင်ပို့ရာမှာတော့ MoU မရှိထားလို့ Transit Trade စနစ်နဲ့ပို့လို့မရဘဲ ထိုင်းနိုင်ငံကိုပဲရောင်းချနေရတယ်။ အဲဒီအတွက် ထိုင်းနိုင်ငံက ဈေးကွက်အသာရနေပါတယ်။ ထိုင်းနိုင်ငံ ကနေတစ်ဆင့်

Transit Trade စနစ်နဲ့ မလေးရှားနိုင်ငံကို တင်ပို့ခွင့်ရရင် နိုင်ငံတော်အနေနဲ့လည်း ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်ဟု ဒေါ်သင်းသင်းမြတ်ကပြောကြားခဲ့ပါတယ်။

မြန်မာ့လယ်ယာထွက်ကုန်စွည်းငါးမျိုးအား ကိုတာစနစ်မရှိဘဲ အခွန်ကင်းလွတ်ခွင့်ပြုသည့် Form D အကျိုးခံစားခွင့် ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလက မြဝတီမြို့၌ပြုလုပ်သည့် ဒုတိယအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး၌ နှစ်ဖက်အစိုးရ G to G သဘောတူဆုံးဖြတ်ချက် ချမှတ်ခဲ့သော်လည်း လက်တွေ့ကုန်ပစ္စည်း တင်ပို့ရာတွင် ထိုင်းနိုင်ငံဘက်သို့ တင်ပို့ခွင့်မရရှိကြောင်းသိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2290-transit-trade.html

## မျိုးအခက်အခဲကြောင့် သခွားမွှေးစိုက်ပျိုးမှုလျော့နည်းနိုင်

မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ရပ်တန့်ထားသည့်အတွက် ဖရဲစိုက်ပျိုးမှုလျော့ကျခြင်း မရှိနိုင်သော် လည်း မျိုးအခက်အခဲကြောင့် သခွားမွှေးစိုက်ပျိုးမှုလျော့နည်းနိုင်ကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်း၏ပြောပြချက်အရသိရပါတယ်။ အချိန်ကျလာပြီဆိုရင် ဖရဲ၊ သခွားတွေလည်း မစိုက်ဘဲမနေနိုင်ကြဘူး။ အခု မြေထွန်ယက်နေသူတွေလည်း ထွန်ယက်နေကြတယ်။ စိုက်တဲ့သူတွေလည်း စိုက်နေ ကြတယ်။ သိပ်တော့ လျော့သွားစရာ အကြောင်းမရှိပါဘူး။ မျိုးရရှိမှုအခြေအနေကတော့ ဖရဲက ပုံမှန်လောက်ပဲရှိမှာပါ။ သခွားမွှေးကတော့ ရွှေဆင်မျိုးကနည်းနည်းအခက်အခဲရှိမယ်ဟု ဦးနိုင်ဝင်းက ပြောကြားခဲ့ပါတယ်။

ဖရဲ၊ သခွားများစိုက်ပျိုးရာတွင် တရုတ်နိုင်ငံမှမျိုးများဖြင့် စိုက်ပျိုးလေ့ရှိပြီး ယခုနှစ်အတွက် အစိမ်းရောင်ဂုခုန်း သခွားမျိုး များသည် အခက်အခဲမရှိသော်လည်း အဝါရောင်မျိုးဖြစ်သည့် ရွှေဆင်သခွားမျိုးများသည် မျိုးပျိုးချိန်တွင် ရာသီဥတု အခက်အခဲရှိခဲ့ခြင်းဖြစ်ပါတယ်။ လတ်တလောတွင် တရုတ်နိုင်ငံသို့ ရာသီချိန်အတွင်း ယခင်နှစ်များကကဲ့သို့ ဖရဲ၊ သခွား တင်ပို့နိုင်ရန် မျှော်မှန်းထားသည့်အတွက် စိုက်ပျိုးသူများအနေဖြင့် ဈေးကွက်အခြေအနေကို လေ့လာကာ တိုင်ပင် စိုက်ပျိုးရန်လိုအပ်ကြောင်း သိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2291-having-less-sweet-cucumber-cultivation.html

## ယခုနှစ် ခြောက်လအတွင်း ပြည်ပသို့ ပဲလွန်းဖြူနှင့်မြေထောက်ပဲ တန်ချိန်လေးသောင်းနီးပါးတင်ပို့ထား

ယခုနှစ် ခြောက်လ (ဇန်နဝါရီ မှ ဇွန်) အထိ ပြည်ပသို့ ပဲလွန်းဖြူနှင့်မြေထောက်ပဲ စုစုပေါင်းတန်ချိန် ၃၉,၀၀၀ ကျော် တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ အဆိုပါ ပမာဏထဲတွင် ပဲလွန်းဖြူတန်ချိန် ၃၁၀၀၀ ကျော်နှင့် မြေထောက်ပဲ တန်ချိန် ၈၅၀၀ ကျော် တင်ပို့ထားခြင်းဖြစ်သည်။ မန္တလေးရှိ ပဲမျိုးစုံကုန်သည် ဦးကျော်ခန့်က ဘဏ္ဍာနှစ်အလိုက် မြေထောက်ပဲ ဈေးကွက်မပျက်တင်ပို့တယ်။ မြေထောက်ပဲက လာမယ့်လတွေမှာ စိုက်မှာဆိုတော့ ဈေးကွက်မှာ လက်ကျန်ပြတ်လာတာပေါ့ဟု ပြောသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၏ တစ်ပတ်အတွင်းစာရင်းများအရ လက်ရှိဈေးကွက်အတွင်း မြေ ထောက်ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ မှ ၉၈၀ ကြား၊ အခွံချွတ်ခြမ်းတစ်တန်လျှင် ကန်ဒေါ်လာ ၁၁၉၀ မှ ၁၁၂၅ ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၀၃၅ ကြား အသီးသီးဈေးရှိနေသည်။ မြန်မာ့မြေထောက်ပဲကို ဂျပန်၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်ဝမ်၊ ဒိန်းမတ်၊ ထိုင်း၊ တရုတ်၊ ကနေဒါ၊ ကင်ညာ နိုင်ငံများသို့ ပြည်တွင်းထွက်ရှိမှု၏ ၄၇ ရာခိုင်နှုန်းခန့်အား တင်ပို့လျက်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံတွင် မြေထောက်ပဲစိုက်ဧက ၉၈၀၀၀ ကျော်ရှိပြီး၊ အထွက်နှုန်းတန်ချိန် ၅၃၀၀၀ ကျော်အနက် ပြည်တွင်းစားသုံးမှု၊ အလေအလွင့်၊ မျိုးစေ့ချန်ထားမှုမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်းသိရသည်။

မြေထောက်ပဲ ပြည်ပ တင်ပို့မှုစာရင်းများအရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၅၀၀၀ ကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တွင် တန်ချိန် ၂၅၀၀၀ ကျော် တင်ပို့ထားကြောင်းသိရသည်။ အရင်နှစ်ကထက် ပဲလွန်းဖြူအမှာရှိလာတဲ့ နိုင်ငံတွေ များလာတဲ့အပြင် ပေါက်ဈေးထက်ပေးဝယ်တာတွေရှိလာတယ်။ အစိုဓာတ်နည်းပြီးတော့ ဓာတ်ကြွင်းမရှိတဲ့ ပဲအမျိုးအစားထဲ ပါတော့ ပိုကြိုက်လာတာဖြစ်တယ်ဟု ရန်ကုန်မြို့မှ ပဲမျိုးစုံကုန်သည် ဦးကျော်ထက်ကပြောသည်။ လက်ရှိ ရန်ကုန် ပဲဈေးကွက်

အတွင်း ပဲလွန်းဖြူတစ်တန်လျှင် ၄၆၀ မှ ၄၉၀ ကြားဈေးရှိနေပြီး၊ ပဲလွန်းဖြူကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေးနှင့် ပဲခူးတိုင်းတို့တွင် အများဆုံးစိုက်ပျိုးကာ တစ်နှစ်လျှင် တန်ချိန်သုံးသိန်းခန့်ထွက်ရှိနေပြီး အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ဆွီဒင်နှင့် ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2407179242700891?__tn__=K-R

## မူဆယ်မှတရုတ်သို့တင်ပို့ နေသည့် ငရုတ်စို၊ ငရုတ်ခြောက်ဈေးနှုန်းများကျဆင်း

မူဆယ်လမ်းပိုင်းမှ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုတွင် လုံခြုံရေးအခြေအနေများကြောင့် ရာခိုင်နှုန်းပြည့်မသွားလာနိုင်သေးခြင်းကြောင့် တရုတ်နိုင်ငံသို့တင်ပို့မည့် ငရုတ်အစို၊ အခြောက်ဈေးနှုန်းများကျဆင်းလာကြောင်း မြန်မာနိုင်ငံစားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။ မြန်မာနိုင်ငံ စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဌ ဦးခင်ဟန်က သယ်ယူပို့ဆောင်ရေးကတော့ လောလောဆယ်အခက်အခဲဖြစ်စေတယ်။ ငရုတ်အစိုရော၊ အခြောက်ရော တရုတ်ကိုသွားတယ်။ ငရုတ်အစို ဈေးကောင်းနေတဲ့အချိန်မှာ အခုလိုမသွားလာနိုင်တော့ ဈေးကျဆင်းတဲ့ဒဏ်ကို တောင်သူတွေထိခိုက်လာနိုင်တယ်။ တရုတ်ဘက်ကဝင်လာတဲ့ အာလူးနဲ့ကြက်သွန်ဖြူတွေလည်းရှိတယ်။ အဲ့ဒါတွေလည်း မဝင်လာနိုင်တော့ ပြည်တွင်းမှာဈေးတက်လာတယ်။ တရုတ်အာလူးဆိုရင် အရင်က တစ်ပိဿာကို ကျပ် ၈၀၀ ရှိတာကနေ အခုတစ်ပိဿာကို ကျပ် ၁၂၀၀ လောက်ဖြစ်လာတယ်။ တရုတ် ကြက်သွန်ဖြူဆိုရင် အခုတစ်ပိဿာကို ကျပ် ၃၀၀၀ လောက်ပေါက်နေတယ်။ ဒီလိုဈေးတက်တာကနေ လမ်းပန်း ဆက်သွယ်ရေး အရ အခိုက်အတန့်ကာလပါဟုပြောသည်။ လက်ရှိ မိုးတွင်းကာလအတွင်း နေ့စဉ် ရန်ကုန်-မူဆယ်လမ်းပိုင်းရှိမြို့များသို့ အစုန်၊ အဆန် ပြေးဆွဲနေသည့် ယာဉ်စီးရေ ပျမ်းမျှ ၃၀၀ ခန့်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဌ ဦးဝင်းဌေးက ဒါကတော့ လက်နက်ကိုင်ကြောင့် ကုန်သွယ်မှုပျက်စီးတာ ရက်ပိုင်းအတွင်းပဲရှိတာပါ။ အရင်ကတည်းက တရုတ်အစိုးရရဲ့ တရားမဝင်ကုန်စည်တိုက်ဖျက်ရေးတွေကြောင့် သွင်းကုန်တွေပဲသွင်းရတယ်။ ပို့ကုန်မပို့ရဘူးဆိုတော့ ကုန်သွယ်ရေးလိုငွေကများမှာပေါ့။ တရားမဝင်ဖြစ်နေတာတွေကို တရားဝင်ဖြစ်အောင် တရုတ်အစိုးရနဲ့ ဘာတွေနားလည်မှုစာချွန်လွှာရေးထိုးမလဲ၊ ပုံမှန်ပို့လို့ရအောင် ဘယ်လိုစာချုပ်တွေပို့လို့ရမလဲဆိုတာ လုပ်ငန်းစဉ်ရှိထားဖို့လိုတာပေါ့။ မြန်မာက အများဆုံးပို့တဲ့ ကုန်စည်တွေကိုပဲ တရားဝင်ဖြစ်လာအောင်လုပ်ပေးထားမှ အဆင်ပြေတော့မယ်ဟု သုံးသပ်ပြောကြားသည်။

ကုန်သွယ်မှုအခြေအနေနှင့်စပ်လျဉ်း၍ လတ်တလောလုံခြုံရေးအရဖြစ်သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်နေသည်ကို ဖြေရှင်းနိုင်မည့်အချိန်ကို မှန်းဆရန်ခက်ခဲကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကမှတ်ချက်ပြုသည်။ ငရုတ်အစိုများကို ပြည်ပသို့တင်ပို့ရာတွင် အစိမ်းအတိုင်းဖြင့်သာ တိုက်ရိုက်အအေးခန်းအတွင်း ထည့်သွင်းသိုလှောင်ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ငရုတ်အစိုများကို တရုတ်နိုင်ငံအနေဖြင့် ယခင်က ဝယ်ယူမှုနည်းပါးခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင်၍ ပိုမိုဝယ်ယူလာခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဖျာပုံ၊ ဖါးခယ်မ၊ ရွှေလောင်းစသည့်ဒေသများမှထွက်ရှိသည့် ငရုတ်များဝင်ရောက်နေပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ထွက်ရှိသော ငရုတ်များသည်လည်း ဈေးကွက်အတွင်း မကြာမီဝင်ရောက်လာတော့မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2407167132702102?__tn__=K-R

## နှမ်းနက်တင်းပေါင်း ခြောက်သောင်းကျော်ရောင်းချနိုင်ရန် ကုန်သည်တချို့နှင့်ဆွေးနွေးထား

မကွေးတိုင်းဒေသကြီးမှ GAP ဖြင့်စိုက်ပျိုးထားရှိသည့် နှမ်းနက်တင်းပေါင်းခြောက်သောင်းကျော်ကို ပြည်တွင်း၊ ပြည်ပသို့ ရောင်းချနိုင်ရန်အတွက် ကုန်သည်များနှင့်တွေ့ဆုံဆွေးနွေးထားကြောင်းသိရသည်။ မန္တလေးဝယ်လက်က ၃ ယောက် သူတို့က တရုတ်နိုင်ငံပို့ဖို့၊ ရန်ကုန်ဝယ်လက် ၃ ယောက်က ဂျပန်ပို့ဖို့နဲ့ အောက်လံဘက်ကတစ်ဦးတို့နဲ့ တွေ့ဆုံဆွေးနွေးထားတယ်ဟု မကွေးတိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ အတွင်းရေးမှူးဦးစိုးလွင်အေးကပြောသည်။ Grade A အဆင့်နှမ်းနက်မှာ တစ်တင်းလျှင် လက်ရှိဒေသတွင်းပေါက်ဈေးထက် ငါးထောင်ကျပ် ပိုမိုရရှိမည်ဖြစ်သလို၊ Grade B အဆင့် တစ်တင်းလျှင် သုံးထောင်ကျပ်နှင့် Grade C အဆင့် တစ်တင်းလျှင် နှစ်ထောင်ကျပ်နှုန်း အသီးသီးတို့ဖြင့် ရောင်းချနိုင်ရန် ဆွေးနွေးထားကြောင်းသိရသည်။ လတ်တလောမှာတော့ တင်းခြောက်သောင်းလုံးက ဂိုထောင်ထဲ မရောက်သေးတာကြောင့် ဒီဆွေးနွေးထားတဲ့ဈေးတွေကို ပစ္စည်းကြည့်ပြီးမှအတည်ပြုပေးဖို့တော့ ကုန်သည်တွေဘက်က ပြောထားတယ်ဟု

ဦးစိုးလွင်အေးက ဆက်လက်ပြောသည်။

လာမည့် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာလကုန်ပိုင်းအထိ နမ်းနက်များကို ဂိုထောင်အတွင်း သိုလှောင်သိမ်းဆည်းကာ ကုန်သည်များကိုခေါ်ယူပြသ၍ ဈေးအတည်ပြုကာ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် မကွေးတိုင်းဒေသကြီး ဈေးကွက်အတွင်း နမ်းနက်တစ်တင်းလျှင် ကျပ်ကိုးသောင်းကျော်ဈေးရှိနေကြောင်း ကုန်စည်ဒိုင်များထံမှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2407167132702102?__tn__=K-R

## ထိုင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်



မြန်မာနိုင်ငံရှိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများအနက် ရင်းနှီးမြှုပ်နှံမှုထိပ်တန်းနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း မကြာမီ ပိုမိုဝင်ရောက်လာတော့မည်ဖြစ်ကြောင်း Myanmar Insight 2019 ဆွေးနွေးပွဲမှသိရ သည်။ မြန်မာနိုင်ငံအတွင်း ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် Myanmar Insight 2019 ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ၊ လက်ရှိမူဝါဒများနှင့်ဥပဒေများနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာအချက်အလက်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP Myanmar Sustainable Development Plan) နှင့်ပတ်သက်၍ မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၇၀၀ ခန့်ကို ရှင်းလင်းမှုပြုလုပ်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများနှင့် အခွင့်အလမ်းသစ်များကို ဖန်တီးရန်ရည်ရွယ်၍ မြန်မာနိုင်ငံသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို များစွာလုပ်ဆောင်နေကြောင်း၊ ယခုလုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲမှုသည် ထိုင်းနိုင်ငံနှင့် ပိုမိုကောင်းမွန်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လာစေနိုင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Myanmar Insight 2019 နှင့် ပတ်သက်သည့် ဗီဒီယိုမိန့်ခွန်းတွင်ပြောသည်။

MSDP သည် မဟာဗျူဟာကျသော နည်းလမ်းများကို ပိုမိုဆောင်ရွက်ရန်၊ ပိုမိုမြန်ဆန်သော လိုက်လျောညီထွေရှိပြီး အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုရှိရန်သာ တူညီမှုရှိသော လူ့အဖွဲ့အစည်း အကျိုးခံစားခွင့်ရရှိရန်ဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်း တစ်ရပ် ထူထောင်ရန် ဖန်တီးပေးရာတွင် အသုံးဝင်ကြောင်း ၄င်းကဆိုသည်။ ယခုဆွေးနွေးပွဲအရ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များသည် ကားအစိတ်အပိုင်းများ ထုတ်လုပ်မှုလုပ်ငန်းများ ချဲ့ထွင်ရန်အပါအဝင် လက်လီ၊ လက်ကားလုပ်ငန်းများ၊ အစားအသောက်နှင့်ပတ်သက်သော စက်မှုလုပ်ငန်းများ နိုင်ငံအတွင်းဝင်ရောက်လာမည်ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ဆိုသည်။ ထိုင်းနိုင်ငံသည် ကားထုတ်လုပ်မှုကို ထိပ်တန်းတွင်ဦးဆောင်နေပြီး ထောက်ပံ့ပေးနိုင်သော နည်းလမ်းများလည်း ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံတွင်လည်း ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများ၏ ကားထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံထားရာ ထိုင်းနိုင်ငံအနေဖြင့်လည်း ကားထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းကဏ္ဍချဲ့ထွင်ရန် အခွင့်အလမ်းများရှိမည်ဟု ယုံကြည်ကြောင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဆိုပါပွဲတွင် ပြောခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုများရှိပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလျံရှိရာမှ ၂၀၁၈ ခုနှစ်တွင် ကန်ဒေါ်လာ ၇၁ ဘီလျံကျော်ရှိလာသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နှစ်စဉ်ခုနစ်ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်ဟု ၄င်းက ပြောသည်။ ပို့ဆောင်ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးများနှင့် လမ်းပန်းဆက်သွယ်ရေးများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုများရှိနေသည်။ ၄င်းမှာ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာမှုကိုပြသနေပြီး ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုများသည် ဆက်လက်ရှိနေမည်ဟုမျှော်လင့်ကြောင်း၊ အာဆီယံနိုင်ငံအတွင်းချိတ်ဆက်မည့် ASEAN Connectivity 2025 Master Plan အရ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် မြန်မာနိုင်ငံကလည်း ကတိပြုထားရာ ယင်းအစီအစဉ်သည် မြို့ပြများ ရေရှည်စဉ်ဆက်မပျက် ဆက်လက်ဖွံ့ဖြိုးရေးအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းသစ်များနှင့် ပတ်သက်သော အခြေအနေကောင်းများကို ရရှိမည်ဟုမျှော်လင့်ကြောင်း ၄င်းကပြောသည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်နေမှုသည် ရင်းနှီးမြှုပ်နှံသူများကို အထောက်အပံ့ပေးရန်ဖြစ်သည်ဟု ဦးသောင်းထွန်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံရန်လွယ်ကူလာရေးအတွက် Mega စီမံကိန်းများ လုပ်ဆောင်နေသည်။ တံတား၊ စက်မှုဇုန်၊ အိမ်ရာများပါဝင်သည့် Yangon City စီမံကိန်း၊ ထိုင်းနှင့် ပူးပေါင်း အကောင်အထည်ဖော်ရန် လက်မှတ်ရေးထိုးထားသည့် Yangon Amata Smart and Eco City စီမံကိန်း၊ ရန်ကုန်-မန္တလေးလမ်းကြောင်းပေါ်တွင် အကောင်အထည်ဖော်မည့် Eco Green City စီမံကိန်း၊ ကိုရီးယား-မြန်မာ Industry Complex စီမံကိန်းအပါအဝင် Yangon Project Bank တွင် စီမံကိန်းပေါင်း ၈၀ ရှိရာ ယင်းစီမံကိန်းများသည် မြေယာနှင့်ပတ်သက်၍ လာရောက် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြောသည်။

ထို့ပြင် Yangon Elevated Expressway PPP စီမံကိန်းနှင့် Yangon Urban Mass Rapid Transit Construction စီမံကိန်းသည် တင်ဒါစနစ်ဖြင့် လုပ်ဆောင်မည်ဖြစ်ရာ ထိုင်းလုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားပါက ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်ဟု ၎င်းက ဆိုသည်။ အဓိကက ထိုင်းမှာရှိတဲ့ အလတ်စားစက်မှုလုပ်ငန်းတွေက ရွှေ့လာချင်တယ်။ ကားအစိတ်အပိုင်းထုတ်တာတွေ၊ လက်လီ၊ လက်ကားလုပ်ငန်းတွေ၊ အစားအသောက်နဲ့ပတ်သက်တဲ့ စက်မှုလုပ်ငန်းတွေ လာမယ်။ လာလို့ရှိရင် ဒီစက်မှုဇုန်တွေက ရေ့နှစ်ထဲမှာ အဆင်သင့်ဖြစ်လာမယ်။ အလွယ်တကူလာပြီး ရင်းနှီးမြှုပ်နှံလို့ရမယ်ဟု ဦးမျိုးခိုင်ဦးက ပြောသည်။

ယခုအချိန် ထိုင်းရင်းနှီးမြှုပ်နှံမှုများလာပါက စက်ရုံဆောက်ရန်အတွက် မြေနေရာမှာ လက်ရှိရှိနေသော စက်မှုဇုန်များတွင် ငှားရမ်းရမည်ဖြစ်ပြီး လက်ရှိ ပုဂ္ဂလိကပိုင် စက်မှုဇုန်များ၌ ငှားရမ်းရာတွင် အခက်အခဲများရှိပြီး ငှားရမ်းခလည်း ဈေးကြီးကြောင်း ၎င်းက ပြောသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်မှုရနေပြီး ထိုင်းရင်းနှီးမြှုပ်နှံမှု ၁၅ ခုလည်းရှိထားသည်။ ထိုင်း“မြန်မာကုန်သွယ်မှုသည် ပြီးခဲ့သော ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလျံထိရှိလာပြီး တတိယအများဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်လာသည်။ ရင်းနှီးမြှုပ်နှံမှုတွင် လည်း စတုတ္ထအများဆုံးနေရာ၌ ရပ်တည်နေသည်။

ထိုင်းရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆၄၉ သန်းကျော်ရှိပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဇူလိုင်လကုန်ထိ ကန်ဒေါ်လာ ၃၇၄၇ သန်းကျော်ရှိကြောင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောသည်။ ထိုင်းရင်းနှီးမြှုပ်နှံမှုသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၅၀ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ၂၁ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ မွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံထားကြောင်း ၎င်းကပြောသည်။

**Source:**https://myanmar.mmtimes.com/news/127647.html

## တရုတ်နိုင်ငံက အမေရိကန်၏ သွင်းကုန်များအတွက် ကုန်စည်စည်းကြပ်မှု ကင်းလွတ်ခွင့် လုပ်ငန်းစဉ်အသစ်စတင်မည်




တရုတ်နိုင်ငံက အမေရိကန်၏သွင်းကုန်များအပေါ် ဒုတိယအကြိမ် အထူး ကုန်စည် စည်းကြပ်ခြင်းမှကင်းလွတ်ခွင့်များအတွက် မကြာမီ လျှောက်လွှာများလက်ခံခြင်းကို စတင်သွားမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံ၌ ကုန်သည်ကြီးများအသင်း သို့မဟုတ် စီးပွားရေး လုပ်ငန်းအသင်းအဖွဲ့များ ၊ စီးပွားရေးအသင်းများသည် ဖယ်ရှားထားသည့် ထုတ်ကုန်များအား အွန်လိုင်းမှလျှောက်ထားခြင်းကို စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၁၈ ရက် အထိတင်သွင်းနိုင်ကြောင်း နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကုန်စည်စည်းကြပ်မှုကော်မရှင်ထံမှသိရသည်။

အဆိုပါကော်မရှင်သည် တစ်ချို့သောထုတ်ကုန်များအား အထူးကုန်စည်စည်းကြပ်ခြင်းမှ လွတ်ငြိမ်းခွင့်ရရှိနိုင်ကြောင်းနှင့် ယာယီအခွန်ကင်းလွတ်ခွင့်ကမ်းလှမ်းခြင်း သို့မဟုတ် သက်ဆိုင်ရာ အစုရှယ်ယာရှင်များ၏ လျှောက်ထားမှုများအပေါ် အခြေခံပြီး အပိုဆောင်းအခွန်များအား ပြန်လည်ငွေပေးချေမှု ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန်နိုင်ငံသည် ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ထုတ်ကုန်များအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း အပိုဆောင်းကောက်ခံမှုအား စတင်ခဲ့ပြီးနောက် အမေရိကန်ထုတ်ကုန်များအပေါ် တရုတ်နိုင်ငံ၏ ဒုတိယအကြိမ် အထူးစည်းကြပ်ခွန်ကောက်ခံမှုအဖြစ် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ အကျိုးသက်ရောက်မှု ပြုလုပ်ခဲ့ကြောင်းသိရသည်။ အကောက်ခွန်ကုန်စည်စည်းကြပ်မှုကော်မရှင်သည် အမေရိကန်၏ ဒေါ်လာ ၇၅ ဘီလီယံ တန်ဖိုးရှိ သွင်းကုန်များအပေါ် တတိယအကြိမ် အထူးကုန်စည်စည်းကြပ်ခြင်းအတွက်

ကင်းလွတ်ခွင့်လုပ်ငန်းစဉ်အား ကြေညာလိမ့်မည်ဖြစ်ကြောင်းသိရသည်။ ပထမအကြိမ် ဖယ်ရှားထားသည့်လျှောက်လွှာများအား ဇွန် ၃ ရက်မှ ဇူလိုင် ၅ ရက် အထိ လက်ခံခဲ့ကြောင်းသိရသည်။

**Source:**https://www.facebook.com/XinhuaMyanmar/posts/1330983623737281?__tn__=K-R

## ဂျပန်က တောင်ကိုရီးယားကို ကုန်သွယ်ရေးအဆင့်လျှော့ချမှု စတင်သက်ရောက်



ဂျပန်က တောင်ကိုရီးယားကို ကုန်သွယ်ရေးအဆင့်လျှော့ချမှုသည် ဩဂုတ် ၂၈ ရက်၌ စတင်သက်ရောက်ပြီဖြစ်ကြောင်းသိရသည်။ ဂျပန်မှတောင်ကိုရီးယားသို့ နည်းပညာပို့ကုန်များ တင်ပို့မည့်သူများသည် နည်းပညာပို့ကုန်တစ်ခုချင်းအတွက် ထောက်ခံချက်လက်မှတ်များလျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှ တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။ ကုန်သွယ်ရေးအဖြူရောင်စာရင်းဝင်စဉ်အခါက ထိုအဆင့်များ လုပ်ဆောင်ရန်မလိုဘဲ ရိုးရှင်းစွာဖြင့် နည်းပညာထုတ်ကုန်များကိုတင်ပို့နိုင်ခဲ့သည်။ အမေရိကန်နှင့် အခြားနိုင်ငံများသည် ဂျပန်၏ ကုန်သွယ်ရေး အဖြူရောင်စာရင်းတွင် ပါဝင်ကြသည်။

တောင်ကိုရီးယားကို ကုန်သွယ်ရေးအဆင့်လျှော့ချသတ်မှတ်မည်ဟု ဂျပန်က လွန်ခဲ့သောနှစ်လက ကြေညာခဲ့ပြီးနောက် တောင်ကိုရီးယားကလည်း ဂျပန်ကိုအဆင့်လျှော့ချမည်ဟု တန်ပြန်ကြေညာခဲ့ကာ လာမည့်လတွင် စတင်သက်ရောက်မည်ဖြစ်သည်။ တောင်ကိုရီးယားသည် ဂျပန်နှင့်စစ်ဘက်ဆိုင်ရာသတင်းအချက်အလက်မျှဝေခြင်းကိုပါ ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ ၁၉၁၀ မှ ၁၉၄၅ ကာလ ဂျပန်ကကိုရီးယားကို ကိုလိုနီပြုကျင့်ခဲ့စဉ်က မကျေလည်မှုများကို ဂျပန်သည် တိုက်ရိုက်ဖြေရှင်းခြင်းမပြုဘဲ ကုန်သွယ်ရေးကို လက်နက်အဖြစ်အသုံးချနေသည်ဟု တောင်ကိုရီးယားက စွပ်စွဲပြောကြားထားသည်။ ဂျပန်ကမူ ဒုတိယကမ္ဘာစစ်ကာလပြဿနာများနှင့်မဆိုင်ကြောင်း၊ စစ်ကာလ တောင်ကိုရီးယားနစ်နာမှုများကို အကျေအလည်ပေးဆပ်ပြီးဖြစ်ကြောင်းတုံ့ပြန်ထားသည်။

၁၉၆၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြသော စစ်ကာလလျော်ကြေးသည် တစ်ဦးတစ်ယောက်ချင်း နစ်နာခဲ့ရသူများနှင့် မသက်ဆိုင်သောကြောင့် ဂျပန်ကုမ္ပဏီများအနေဖြင့် စစ်ကာလအဓမ္မ ခိုင်းစေခံခဲ့ရသော ကိုရီးယားလုပ်သားများကို နစ်နာကြေးပေးရမည်ဟု ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယားတရားရုံးက စီရင်ချက်ချခဲ့ပြီးနောက် ဂျပန်နှင့်ကိုရီးယားကြား တင်းမာမှုများ မြင့်တက်ခဲ့သည်။ နည်းပညာပို့ကုန်များကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုနိုင်ခြေရှိသောကြောင့် စနစ်တကျထိန်းချုပ်စိစစ်ရခြင်းဖြစ်ကြောင်း ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ဟီရိုရှိဂဲဆဲကိုကပြောသည်။

**Source:** https://myanmar.mmtimes.com/news/127604.html

## STOCK EXCHANGE (29.8.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 3,588 | 42,903,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 10,349 | 42,430,900 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 600 | 5,040,000 | 10,400,986 | 87,368 |
| FPB | 00004 | 25,500 | +500 | +2.00% | 25,500 | 25,500 | 25,500 | 202 | 5,151,000 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 3,947 | 11,846,850 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 492.57 | +1.67 | +0.34% | 481.91 | 492.57 | 481.91 | 18,686 | 107,372,250 | 5 | 674,479 |

**Index chart**




# Market Overview

As of 1:00 pm, 29th Aug. 2019

| MYANPIX | 492.57 ▲ 1.67 |
|---|---|
| Total Volume (shares) | 18,686 |
| Total Value (MMK) | 107 mil |
| Listed Company | 5 |
| Market Cap. (MMK) | 674,479 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 25,500 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 0 |